ကုမ္ပဏီအမည် - Paradiso Cimemas Co., Ltd. (ရမည်းသင်းမြို့နယ်၊ မတ္တရာမြို့နယ်)

လုပ်ငန်း - ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Cinema Construction and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြည်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှအဆိုပြုလွှာတင်ပြလာခြင်း	၈-၃-၂၀၁၇		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး၈/၂၀၁၇ သို့တင်ပြခြင်း	၁၄-၃-၂၀၁၇		
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ပေးပို့ခြင်း	၂၀-၃-၂၀၁၇		
၄	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	၂၀-၃-၂၀၁၇ ၂၈-၄-၂၀၁၇ ၁၉-၅-၂၀၁၇	၂၆-၆-၂၀၁၇	
	(ခ) မွန်ပြည်နယ်အစိုးရအဖွဲ့	၂၀-၃-၂၀၁၇ ၂၈-၄-၂၀၁၇ ၁၉-၅-၂၀၁၇	၂၁-၆-၂၀၁၇	
	(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	၂၀-၃-၂၀၁၇	၄-၄-၂၀၁၇	
၅	ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရ ပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း	၁၀-၄-၂၀၁၇		
၈	ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း	၆-၇-၂၀၁၇		
၉	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၁၀/၂၀၁၇)MIC	၁၁-၇-၂၀၁၇		
	စုစုပေါင်းကြာမြင့်ရက် ၁၀၁ ရက်			

Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)
နှင့်စပ်လျဉ်းသည့်အဓိကအချက်များ

<table>
<tr><th>စဉ်</th><th>အကြောင်းအရာ</th><th>မတ္တရာမြို့နယ်</th><th>ရမည်းသင်းမြို့နယ်</th></tr>
<tr><td>၁။</td><td>ကုမ္ပဏီအမည်/ ကမကထပြုသူ</td><td>- Paradiso Cinemas Co., Ltd.
- ဦးတင်မောင်ဝင်း</td><td>- Paradiso Cinemas Co., Ltd.
- ဦးတင်မောင်ဝင်း</td></tr>
<tr><td>၂။</td><td>ရင်းနှီးမြှုပ်နှံမှုပုံစံ</td><td>- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
- မြန်မာနိုင်ငံ MAZE Co., Ltd ၆၀ %
- ပြင်သစ်နိုင်ငံ Mr. Guy Robert EUGENE ၄၀ %</td><td>- ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
- မြန်မာနိုင်ငံ MAZE Co., Ltd ၆၀ %
- ပြင်သစ်နိုင်ငံ Mr. Guy Robert EUGENE ၄၀ %</td></tr>
<tr><td>၃။</td><td>အဆိုပြုလုပ်ငန်းအမျိုးအစား</td><td>ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)</td><td>ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)</td></tr>
<tr><td>၄။</td><td>လုပ်ငန်းတည်နေရာ /
မြေအကျယ်အဝန်း</td><td>- ဦးပိုင်အမှတ် (၉၁၅/။)၊ (၉၄၇/။) ၊ အကွက်အမှတ်(၂၈၈/ခ)၊ အမှတ်-၂ ဗိုလ်တေဇရပ်ကွက်၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ စုစုပေါင်း ဧရိယာ ၀.၃၆ ဧက (၁,၄၅၆.၈၇ စတုရန်းမီတာ)</td><td>- ဦးပိုင်အမှတ်(၇၃)၊ မြေကွက်အမှတ်-၁၁၈၀၊ သင်ပန်းကုန်းရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ ရမည်းသင်းခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ စုစုပေါင်း မြေဧရိယာ ၁.၀၁ ဧက (၄,၀၈၆.၄၆ စတုရန်းမီတာ)</td></tr>
<tr><td>၅။</td><td>မြေပိုင်ရှင်</td><td>- မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့</td><td>- ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့</td></tr>
<tr><td>၆။</td><td>မြေငှားရမ်းခ</td><td>- တစ်နှစ်လျှင် ကျပ်သိန်း ၁၂၀</td><td>- တစ်နှစ်လျှင် ကျပ်သိန်း ၁၂၀</td></tr>
<tr><td>၇။</td><td>မြေငှားသက်တမ်း</td><td>- ၁၀ နှစ်</td><td>- ၁၀ နှစ်</td></tr>
<tr><td>၈။</td><td>စုစုပေါင်းမတည်ငွေရင်း
ထည့်ဝင်သည့်အမျိုးအစား</td><td>- အမေရိကန်ဒေါ်လာ ၀.၂၇၃ သန်း
<table>
<tr><th>နိုင်ငံခြား (US$ သန်း)</th><th>မြန်မာ (US$ သန်း)</th><th rowspan="2">စုစုပေါင်း (US$သန်း)</th></tr>
<tr><td>ငွေသား</td><td>ငွေသား</td></tr>
<tr><td>၀.၁၀၉</td><td>၀.၁၆၄</td><td>၀.၂၇၃</td></tr>
</table></td><td>- အမေရိကန်ဒေါ်လာ ၀.၂၇၃ သန်း
<table>
<tr><th>နိုင်ငံခြား (US$ သန်း)</th><th>မြန်မာ (US$ သန်း)</th><th rowspan="2">စုစုပေါင်း (US$သန်း)</th></tr>
<tr><td>ငွေသား</td><td>ငွေသား</td></tr>
<tr><td>၀.၁၀၉</td><td>၀.၁၆၄</td><td>၀.၂၇၃</td></tr>
</table></td></tr>
<tr><td>၉။</td><td>တည်ဆောက်ရေးကာလ</td><td>- ၁ နှစ်</td><td>- ၁ နှစ်</td></tr>
<tr><td>၁၀။</td><td>ရင်းနှီးမြှုပ်နှံမှုသက်တမ်း</td><td>- ၁၀ နှစ်</td><td>- ၁၀ နှစ်</td></tr>
</table>

၁၁။	ဝန်ထမ်းအင်အား ပြည်တွင်း ပြည်ပ	- ၁၄ ဦး ၁၄ ဦး (တစ်လလျှင် ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၁၀,၀၀၀ ၊အမြင့်ဆုံးလစာမှာ ကျပ် ၄၇၀,၀၀၀ ဖြစ်ပါသည်။) နေ့စားဝန်ထမ်း ၄ ဦး ပါဝင်ပြီး နေ့စားတစ်ဦးလျှင် တစ်ရက် ၃,၆၀၀ ကျပ်နှုန်းဖြင့် ခန့်ထားမည်ဖြစ်ပါသည်။ ခန့်ထားခြင်းမရှိပါ။	- ၁၄ ဦး ၁၄ ဦး (တစ်လလျှင် ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၁၀,၀၀၀ ၊အမြင့်ဆုံးလစာမှာ ကျပ် ၄၇၀,၀၀၀ ဖြစ်ပါသည်။) နေ့စားဝန်ထမ်း ၄ ဦး ပါဝင်ပြီး နေ့စားတစ်ဦးလျှင် တစ်ရက် ၃,၆၀၀ ကျပ် နှုန်းဖြင့် ခန့်ထားမည်ဖြစ်ပါသည်။ ခန့်ထားခြင်းမရှိပါ။
၁၂။	ငွေကြေးအထောက်အထား	- MAZE Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ်(International Banking Division)၌ (၄-၈-၂၀၁၆)ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၃၄,၅၀၀ ရှိကြောင်းနှင့် Mr. Guy Robert EUGENE အမည်ဖြင့် HSBC (Dubai) ၌(၇-၁၂-၂၀၁၆)ရက်စွဲဖြင့် AED၁၇,၀၁၆.၉၂ရှိကြောင်းတင်ပြထားပါသည်။	- MAZE Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ်(International Banking Division)၌ (၄-၈-၂၀၁၆)ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၃၄,၅၀၀ ရှိကြောင်းနှင့် Mr. Guy Robert EUGENE အမည်ဖြင့် HSBC (Dubai)၌ (၇-၁၂-၂၀၁၆) ရက်စွဲဖြင့် AED ၁၇,၀၁၆.၉၂ ရှိကြောင်းတင်ပြထားပါသည်။
၁၃။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (တစ်နှစ်လျှင်)	- နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အနေဖြင့် ၁၀၀,၀၀၀ units ဖြစ်ကြောင်းနှင့်နိုင်ငံတော်မှဖြန့်ဖြူးသည့် လျှပ်စစ်ဓါတ်အားမရရှိသော အချိန်တွင် ကိုယ်ပိုင်မီးစက်ထားရှိ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။	- နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အနေဖြင့် ၁၀၀,၀၀၀ units ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ ဖြန့်ဖြူးသည့် လျှပ်စစ်ဓါတ်အား မရရှိသော အချိန်တွင် ကိုယ်ပိုင်မီး စက်ထားရှိ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။
၁၄။	မြေငှားစာချုပ်ပါအဓိက အချက်များ	- ဦးတင်မောင်ဝင်း နှင့် ဦးဝင်းဗိုလ်၊ အတွင်းရေးမှူး၊ မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူ စာချုပ်(မူကြမ်း) ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ် ပါသည်- (က)ဦးပိုင်အမှတ်(၉၁၅/၉၄၇)၊အကွက်အမှတ်(၂၈၈/ခ)၊ အမှတ်-၂ ဗိုလ်တေဇ ရပ်ကွက်၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ စုစုပေါင်းဧရိယာ ၀.၃၆ ဧက (၁,၄၅၆.၈၇ စတုရန်းမီတာ)အား ငှားရမ်း ဆောင်ရွက်မည် ဖြစ် ပါသည်။ (ခ) မြေငှားရမ်းသည့် သက်တမ်းကာလမှာ စာချုပ်လက်မှတ် ရေးထိုးသည့် နေ့မှစ၍ ၁၀ နှစ် ဖြစ်ပါသည်။ (ဂ) ငှားရမ်းခနှုန်းမှာ တစ်နှစ်လျှင် ကျပ်သိန်း ၁၂၀ နှုန်းဖြစ်ပါ သည်။	ဦးတင်မောင်ဝင်း နှင့် ဦးမောင်စိုး၊ အမှုဆောင်အရာရှိ ရမည်းသင်း မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တို့ချုပ်ဆိုထားသည့် မြေငှားရမ်းခြင်း သဘော တူစာချုပ် ပါအဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်- (က)ဦးပိုင်အမှတ်(၇၃)၊ ကွင်းအမှတ်-၁၁၈၀၊ သင်ပန်းကုန်းရပ်ကွက်၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ စုစုပေါင်း မြေဧရိယာ ၁.၀၁ ဧကအား ငှားရမ်း ဆောင်ရွက်မည်ဖြစ်ပါ သည်။ (ခ) မြေငှားရမ်းသည့် သက်တမ်းကာလမှာ စာချုပ်လက်မှတ် ရေးထိုးသည့်နေ့မှစ၍ ၁၀ နှစ် ဖြစ်ပါသည်။ (ဂ) ငှားရမ်းခနှုန်းမှာ တစ်နှစ်လျှင် ကျပ်သိန်း ၁၂၀ နှုန်းဖြစ်ပါ သည်။
၁၅။	အခြားတင်ပြချက်များ	(က) အဆိုပြုချက်နှင့်အတူ MAZE Co., Ltd. နှင့် Mr. Guy Robert EUGENE တို့ချုပ်ဆိုထားသည့် JV စာချုပ်၊ ကုမ္ပဏီ ၏မှတ်ပုံတင် လက်မှတ် MoA&AOA၊ ပုံစံ(၆/၂၆) တို့ကို တင်ပြထားပါသည်။	(က) အဆိုပြုချက်နှင့်အတူ MAZE Co., Ltd. နှင့် Mr. Guy Robert EUGENE တို့ချုပ်ဆိုထားသည့် JV စာချုပ် ၊ ကုမ္ပဏီ၏ မှတ်ပုံတင် လက်မှတ် MoA & AOA ၊ ပုံစံ(၆/၂၆)တို့ကို တင်ပြထားပါသည်။

၁၆။	**စိစစ်တင်ပြချက်**	(က) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဒ်မ-၃၆(ဃ) အရ နိုင်ငံ တော်ပိုင် မြေနှင့် အဆောက်အအုံများအသုံးပြုသည့် လုပ်ငန်းသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် ကော်မရှင်ခွင့်ပြုမိန့် ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိစစ်ရပါသည်။ (ခ) အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိပါကြောင်းနှင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ရရှိနိုင်မည်မဟုတ်ကြောင်း စိစစ်ရပါသည်။ (ဂ) အမေရိကန်ဒေါ်လာ ၂၆၇,၂၄၀ တန်ဖိုးရှိ ရုပ်ရှင်ရုံ အတွက် လိုအပ်သော ပစ္စည်းများကို ပြည်ပမှတင်သွင်းဆောင်ရွက်မည် ဖြစ်ပါသည်။	(က) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဒ်မ-၃၆(ဃ) အရ နိုင်ငံ တော်ပိုင်မြေနှင့် အဆောက်အအုံများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် ကော်မရှင်ခွင့်ပြုမိန့် ရရှိမှ သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိစစ်ရပါ သည်။ (ခ) အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိပါကြောင်းနှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိနိုင်မည် မဟုတ်ကြောင်း စိစစ်ရ ပါသည်။ (ဂ) အမေရိကန်ဒေါ်လာ ၂၆၇,၂၄၀ တန်ဖိုးရှိ ရုပ်ရှင်ရုံအတွက် လိုအပ်သော ပစ္စည်းများကို ပြည်ပမှတင် သွင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၅(အ)/န-၀၃၃/၂၀၁၇(၃၂၀)

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင် လ ၆ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံ MAZE Co., Ltd မှ ၆၀ % နှင့် ပြင်သစ်နိုင်ငံ Mr. Guy Robert EUGENE မှ ၄၀ % ဖြင့် Paradiso Cinemas Co., Ltd. တည်ထောင်၍ မြန်မာနိုင်ငံတဝှမ်းတွင် ရုပ်ရှင်ရုံ(၁၀၀) ဆောက် လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းအနက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကွင်းအမှတ် (၁၁၈၀)၊ ဦးပိုင်အမှတ်(၇၃)ရှိ မြေဧရိယာ ၁.၀၁ ဧက နှင့် မတ္တရာမြို့နယ်၊ အမှတ်-၂ ဗိုလ်တေဇ ရပ်ကွက်၊ အကွက်အမှတ်(၂၈၈/ခ)၊ ဦးပိုင်အမှတ် (၉၁၅/။) ၊ (၉၄၇/။) ရှိ မြေဧရိယာ ၀.၃၆ ဧကတို့တွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများဆောက်လုပ် ခြင်းနှင့်ရုပ်ရှင်ပြသခြင်း)လုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင် ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ Paradiso Cinemas Co., Ltd. မှ ဒါရိုက်တာဦးတင်မောင်ဝင်းနှင့် ဦးမောင်စိုး (အမှုဆောင်အရာရှိ၊ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့)၊ ဒါရိုက်တာဦးတင်မောင်ဝင်းနှင့် ဦးဝင်းဗိုလ် (အမှုဆောင်အရာရှိ၊ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့)တို့ ချုပ်ဆိုထားသည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်များ၊ ဖက်စပ်စာချုပ်၊ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့ကို ပူးတွဲတင်ပြ ထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် ရမည်းသင်းမြို့နယ်၊ ကွင်းအမှတ်(၁၁၈၀)၊ ဦးပိုင်အမှတ်(၇၃)ရှိ မြေဧရိယာ ၁.၀၁ ဧက အား တစ်နှစ်လျှင် ကျပ် သိန်း (၁၂၀) နှုန်းဖြင့် လည်းကောင်း၊ မတ္တရာမြို့နယ်၊ အမှတ်-၂ ဗိုလ်တေဇရပ်ကွက်၊ အကွက်အမှတ်(၂၈၈/ခ)၊ ဦးပိုင်အမှတ်(၉၁၅/။)၊ (၉၄၇/။)ရှိ မြေဧရိယာ ၀.၃၆ ဧကအား တစ်နှစ်လျှင် ကျပ်သိန်း (၁၂၀) နှုန်းဖြင့် လည်းကောင်း၊ အသီးသီး ငှားရမ်းဆောင်ရွက်မည်ဖြစ် ပါကြောင်း (၁၀) နှစ် သက်တမ်းရှိ မြေ ငှားရမ်းခြင်း စာချုပ်များအား ပူးတွဲတင်ပြထားပါသည်။

၄။ အဆိုပြုလုပ်ငန်းများ၏ သက်တမ်းကာလမှာ ကနဦး (၁၀)နှစ် ဖြစ်၍ တည်ဆောက်ရေးကာလမှာ (၁) နှစ် ဖြစ်ပါသည်။ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးပါ က လုပ်ငန်းစတင် ဆောင်ရွက်မည်ဖြစ် ပါသည်။

၅။ ရမည်းသင်းမြို့နယ် နှင့် မတ္တရာမြို့နယ်တို့တွင် ဆောင်ရွက်မည့် ရုပ်ရှင်ရုံ (၁)ရုံစီအတွက် စုစုပေါင်း မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၀.၂၇၃ သန်းစီ ဖြစ်ပါသည်။ ရုပ်ရှင်ရုံ(၁)ရုံစီအတွက် အမေရိကန်

ဒေါ်လာ ၂၆၇,၂၄၀ တန်ဖိုးရှိ လိုအပ်သော စက်ပစ္စည်းကိရိယာများအား ပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ် ပါသည်-

စဉ်		နိုင်ငံခြား(US$ သန်း)	မြန်မာ(US$ သန်း)	စုစုပေါင်း(US$သန်း)
(က)	ငွေသား	-	၀.၀၅၁	၀.၀၅၁
(ခ)	စက်ပစ္စည်း	၀.၀၇၅	၀.၁၁၃	၀.၁၈၈
(ဂ)	အခြား	၀.၀၃၄	-	၀.၀၃၄
	စုစုပေါင်း	**၀.၁၀၉**	**၀.၁၆၄**	**၀.၂၇၃**

၆။ ရုပ်ရှင်တစ်ရုံချင်းစီအတွက် နေ့စားဝန်ထမ်း (၄) ဦးအပါအဝင် ပြည်တွင်းဝန်ထမ်း (၁၄) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်၍ စုစုပေါင်းပြည်တွင်းဝန်ထမ်း (၂၈)ဦးအလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း၊ ပြည်ပဝန်ထမ်း ခန့်ထားရန် မရှိကြောင်း တင်ပြထားပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၄၇၀,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းများ နှင့်ပတ်သက်၍ တစ်ဖက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

၂၀၁၇ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) **ဆုံးဖြတ်ချက်အရ ကန့်ကွက်ရန် မရှိပါကြောင်း** သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ခ)**

အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက် ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်း ကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ် များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် **လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု** (Corporate Social Responsibility – CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြုခြင်း အပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်သည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက်သုံးစွဲမည့် ရန်ပုံငွေစသည့်တို့ ပါဝင်သည့် **ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်** (Environmental Management Plan-EMP) ကို မန္တလေး တိုင်းဒေသကြီးရှိ ရုပ်ရှင်ရုံများတည်ဆောက်မည့် ကျောက်ပန်းတောင်းမြို့နယ်၊ မတ္တရာမြို့နယ်နှင့် ရမည်းသင်းမြို့နယ်များအတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ သီးခြားစီ အစီရင်ခံ ရေးသားတင်ပြရန်၊ စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်

ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ အစီရင်ခံစာများရေးသားပြုစုရာတွင် ပြဋ္ဌာန်းထုတ်ပြန် ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများကို ဖြည့်စွက်၍ တစ်ပါတည်းတင်ပြရန်၊ သက်ဆိုင်ရာ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ရုပ်ရှင်မပြသမီ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ထည့်သွင်းပြသနိုင် ရေးညှိနှိုင်းဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **(ကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြထားပါသည်။)**

၈။ ငွေကြေးအထောက်အထားများအဖြစ် MAZE Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ် (International Banking Division)၌ (၄-၈-၂၀၁၆) ရက်စွဲဖြင့် အမေရိကန် ဒေါ်လာ ၃၄,၅၀၀ နှင့် Mr. Guy Robert EUGENE အမည်ဖြင့် HSBC (Dubai)၌ (၇-၁၂-၂၀၁၆) ရက်စွဲဖြင့် AED ၁၇,၀၁၆.၉၂ ရှိကြောင်းတင်ပြထားပါသည်။

၉။ အဆိုပြုလုပ်ငန်းများဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၇ ခုနှစ် ဧပြီ လ ၂၈ ရက် နေ့တွင် ကျင်းပပြုလုပ်သော (၇/၂၀၁၇)အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၀။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဒ်မ-၃၆(ဃ) အရ နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများအသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ကော်မရှင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါကြောင်း နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားနိုင်မည်မဟုတ်ကြောင်း စိစစ်ရပါသည်။

(ဂ) ရမည်းသင်းမြို့နယ်ရုပ်ရှင်ရုံနှင့် မတ္တရာမြို့နယ်ရုပ်ရှင်ရုံအတွကအတွက် ပြည်ပမှ အမေရိကန် ဒေါ်လာ ၂၆၇,၂၄၀ စီ တန်ဖိုးရှိ ရုပ်ရှင်ရုံ အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို တင်သွင်းဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးပါက ပြန်ကြားရေးဝန်ကြီးဌာနသို့ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၁။ Paradiso Cinemas Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် ဆောင်ရွက်မည့် ရုပ်ရှင် ရုံများ ဆောက်လုပ် ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု

ချက်များ တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးမြို့

စာအမှတ်၊ ၂/၃ - ၆ / ၃၂ ဦး ၆ (၉၀၇)
ရက် စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၆ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၈. ၄. ၂၀၁၇) ရက်စွဲပါစာအမှတ်၊ မရက-၅ (အ)/ န-၀၃၃/ ၂၀၁၇ (၁၉၀)

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံသားပိုင် MAZE Co., Ltd နှင့် ပြင်သစ်နိုင်ငံမှ Mr. Guy Robert EUGENE တို့ အကျိုးတူပူးပေါင်း၍ Paradiso Cinemas Co.,Ltd အဖြစ် တည်ထောင်ကာ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်၊ အကွက်အမှတ်- ၂၀၆၉/ ခ ဦးပိုင်အမှတ်(၃၀၃၊ ၃၂၅)ရှိ စုစုပေါင်း မြေဧရိယာ(၃. ၈၀)ဧက အနက်(၀. ၃၄)ဧက၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ဗိုလ်တေဇရပ်ကွက်၊ အကွက်အမှတ်(၂၈၈/ ခ)၊ ဦးပိုင် အမှတ်(၉၁၅/ ၉၄၇) ရှိ မြေဧရိယာ(၁.၇၉) ဧက၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ မြေကွက်အမှတ်- ၁၁၈၀၊ ဦးပိုင် အမှတ်(၇၃)ရှိ မြေဧရိယာ(၁. ၀၁) ဧကတို့ကို ငှားရမ်း၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်း ဆောင်ရွက်မည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောထားကို ရက်သတ္တပတ် တစ်ပတ်အတွင်း ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်း အကြောင်းကြား လာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ (၈. ၆. ၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/ ၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ်- ၄၃ အရ ကျောက်ပန်းတောင်းမြို့နယ်မှ မြေဧရိယာ(၀. ၃၄) ဧကတွင် ဆောင်ရွက်မည့်လုပ်ငန်းအား စိစစ်ဆဲ

ဖြစ်ပါကြောင်းနှင့် မတ္တရာမြို့နယ်ရှိ မြေဧရိယာ(၁.၇၉)ဧကနှင့် ရမည်းသင်းမြို့နယ်ရှိ မြေဧရိယာ (၁.၁၁)ဧက တို့တွင် ဆောင်ရွက်မည့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းအား ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပူးတွဲ- ကျောက်ပန်းတောင်းမြို့၏ မြို့သူ၊မြို့သားများကန့်ကွက်စာ(၇)စောင်

ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မိတ္တူကို

လှည့်လည်စာတွဲ ၊

ရုံးလက်ခံ ။

သို့

အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးကော်မတီ
ကျောက်ပန်းတောင်းမြို့

၁၇၁၉
ရက်စွဲ ၁၁.၄.၂၀၁၇

ရက်စွဲ။ ၂၀၁၇ခုနှစ်၊ ဧပြီလ ရက်။

အကြောင်းအရာ။ ။ မြို့ရှေ့ပန်းသီတာဥယျာဉ်အတွင်း ရုပ်ရှင်ရုံဆောက်လုပ်အသုံးပြုရန် ငှားရမ်းသည့်ကိစ္စအား ကန့်ကွက်ခြင်း။

၁။ ကျောက်ပန်းတောင်းမြို့တွင် မြို့အင်္ဂါရပ်နှင့်ညီသော ကလေးသူငယ်များ လွတ်လပ်ပျော်ရွှင်မြူးတူးဆော့ကစားနိုင်သော ကာယလုပ်သား၊ ဉာဏလုပ်သားများ၊ မြို့မိမြို့ဖများ အပန်းဖြေနိုင်သော ကစားကွင်းနှင့်တွဲလျက်ရှိသည့် ဥယျာဉ်မှာ မြို့ရှေ့ပန်းသီတာဥယျာဉ်ကြီးတစ်ခုသာရှိပါသည်။

၂။ ၎င်း ပန်းသီတာဥယျာဉ်ကြီးသည် ကျောက်ပန်းတောင်း-မိတ္ထီလာသွား ကားလမ်းမကြီး၏ မြောက်ဘက်၊ မြို့မဘောင်ရပ်ကွက်နယ်မြေအတွင်း ကျရောက်တည်ရှိပါသည်။

၃။ ပန်းသီတာဥယျာဉ်ကို ပြုစုပျိုးထောင်လာခဲ့သည်မှာ (၂၅)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ဒီနေ့လုပ် ဒီနေ့ရသည့် ကိစ္စ မဟုတ်ပါ။ လွယ်လွယ်ကူကူနှင့် ပန်းဥယျာဉ်တစ်ခုမရနိုင်ပါ။ နှစ်ရှည်လများ အချိန်ပေးတည်ဆောက်ကြရပါသည်။ ဖျက်ဆီးရန်လွယ်ကူသော်လည်း တည်ဆောက်ရန်ခက်ခဲလှပါသည်။

၄။ ဤကဲ့သို့ ကျက်သရေအလှန်ရှိပြီး မြို့ကျက်သရေဆောင် ပန်းဥယျာဉ်ကြီးကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြဲတမ်းဒေါ်ဆမ်းသားရှိပြီး ပိုမိုကောင်းသည်ထက်ကောင်းအောင် ပိုမိုပြည့်စုံသည်ထက် ပြည့်စုံအောင်သာ ဆောင်ရွက်သင့်ပါသည်။ ဒါမှသာ ကလေးသူငယ်များ၊ ကာယလုပ်သား၊ ဉာဏလုပ်သားများ အရွယ်မရွေး၊ လူတန်းစားမရွေး ကိုယ်စိတ်နှစ်ပါးအပန်းဖြေ နားခိုနိုင်ကြမည်ဖြစ်ပါသည်။

၅။ ယခုအချိန်အခါတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူများအားလုံး ကိုယ်စိတ်နှစ်ပါးအပန်းဖြေနားခိုနိုင်ရန်၊ ကလေးသူငယ်များ၊ လူငယ်များလွတ်လပ်မြူးတူး ပျော်ရွှင်စွာကစားနိုင်ရန် ကလေးကစားကွင်းများ၊ လူငယ်ကစားကွင်းများ၊ ပန်းဥယျာဉ်များကို စီမံချက်ချ တိုးချဲ့ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ နောက်ထပ်အသစ်တည်ဆောက်ခြင်းများ၊ အဟောင်းကိုထိန်းသိမ်းခြင်းများ၊ ပြည်သူကိုမျက်နှာမူအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ဤကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဦးတည်ဆောင်ရွက်နေချိန်တွင် (မန္တလေးတိုင်းဒေသကြီးအစိုးရ သိချင်မှသိမည်ဖြစ်သော) ကျောက်ပန်းတောင်းမြို့မှ တစ်ခုတည်းရှိသော မြို့ရှေ့ပန်းသီတာဥယျာဉ်ကြီးကို ဖျက်ဆီးပြီး ရုပ်ရှင်ရုံဆောက်လုပ်ခွင့်ပြု ငှားရမ်းခြင်းသည် အလွန်မှမသင့်လျော်သော လုပ်ရပ်ကြီးဖြစ်နေပါသည်။

၇။ မြို့နယ်စည်ပင်သာမှ တာဝန်ရှိသူများအနေဖြင့် ယခုကဲ့သို့ "မင်္ဂလာမြန်မာ"ကုမ္ပဏီနှင့် တစ်လငှားရမ်းခငွေကျပ်(၁၁)သိန်းနှင့် ငှားရမ်းသည်ဟု ကြားသိရပါသည်။ မြို့ရှေ့ပန်းသီတာဥယျာဉ်ကြီးသည် အများသူငါ ကလေးသူငယ်၊ လူငယ်လူကြီး အားလုံးနှင့် သက်ဆိုင်သောကိစ္စဖြစ်ပါသည်။ ဤကဲ့သို့ အများဆိုင်ပန်းဥယျာဉ်ကြီးကို ပြည်သူကိုအသိမပေး မျက်ကွယ်ပြုပြီး မိမိကိုယ်ထင်သလို မြင်သလို ဆောင်ရွက်ရန်မသင့်ပါ။ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့မှ ပြည်သူကိုလေးစားသလောက်၊ ပြည်သူ့အသံကို နားထောင်သလောက် အောက်ခြေက ပြည်သူကို ထည့်သွင်းစဉ်းစားခြင်းမပြုသည်မှာ ဒီမိုကရေစီယဉ်ကျေးမှုမရှိကြောင်း ပြသနေရာရောက်ပါသည်။

၈။ ယခုအချိန်အခါသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလာသည့်အချိန်အခါဖြစ်ပါသည်။ လက်ရှိအစိုးရသည် ပြည်သူ့အသံကိုနားထောင်သော၊ ပြည်သူကိုဦးထိပ်ပန်ဆင်သော ပြည်သူကိုယ်စိတ်နှစ်ပါး ချမ်းသာစေလိုသော အစိုးရဖြစ်ပါသည်။ ဤကဲ့သို့အများသူငါနှင့် သက်ဆိုင်သော ပြည်သူလူထုအခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးများကိုချိုးဖောက်ပြီး ခရိုနီစီးပွားရေးသမားများ၏ အလိုဆန္ဒကို ငွေတစ်မျက်နှာ ကြည့်ပြီး ပြည်သူကိုကျောခိုင်းဆန့်ကျင်ပြီး ထင်ရာစိုင်းမည့်အစိုးရ မဟုတ်ပါ။ ဤကိစ္စသည် အစိုးရအဆင့်ဆင့် အုပ်ချုပ်သူများ မသိရှိဘဲ မိမိတို့ထင်သလိုလုပ်ဆောင်နေသည်ဟု ပြည်သူများခံစားနေရပါသည်။

၉။ သို့ဖြစ်ပါ၍ ဤကိစ္စနှင့်ပတ်သက်ပြီး ကျောက်ပန်းတောင်းမြို့ပေါ်နှင့် မြို့နယ်တို့မှ မြို့ရှေ့ပန်းသီတာ ဥယျာဉ်ကြီး ပျက်စီးဆုံးရှုံးအောင်လုပ်ဆောင်နေသော ရပ်ရှင်ရုံဆောက်လုပ်ခြင်းကိစ္စကို လွန်လွန်ကျူးကျူး မဖြစ်ခင် အမြန်ဆုံးရပ်တန့်ပေးပါရန် အထူးမေတ္တာရပ်ခံ တင်ပြပါသည်။

(အကယ်၍ ပြည်သူကို မျက်ကွယ်ပြုကျောခိုင်းပြီး ရှေ့တိုးလုပ်မည်ဆိုပါက ခွင့်ပြုသူလူကြီးမင်းတို့၏ တာဝန်သာဖြစ်ပါသည်။)

(ကျောက်ပန်းတောင်းမြို့နေ ပြည်သူများ၏ အမည်နှင့်လက်မှတ်များ ပူးတွဲတင်ပြပါသည်။)

မိတ္တူကို -

၁။ ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
၂။ ဒေါက်တာရဲလွင်၊ မြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။
၃။ ဦးရွှေကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။
၄။ ဦးကျော်တုတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊
၅။ ဦးအေးခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဈေးအနောက်ဘက်၊ ဈေးကွက်သစ်ရပ်၊ ကျောက်ပန်းတောင်းမြို့။
၆။ ဦးမျိုးဆွေဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။
၇။ ဦးဇော်ဝင်း၊ ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကျောက်ပန်းတောင်းမြို့။
၈။ ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ညောင်ဦးမြို့။
၉။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ကျောက်ပန်းတောင်းမြို့။
၁၀။ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကျောက်ပန်းတောင်းမြို့။
၁၁။ လက်ခံ။

ကျောက်ပန်းတောင်းမြို့နေပြည်သူများ၏လက်မှတ်များကို ပူးတွဲတင်ပြပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကဒ်အမှတ်	လက်မှတ်	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	
၂	[illegible]	[illegible]	[illegible]	
၃	[illegible]	[illegible]	[illegible]	
၄	[illegible]	[illegible]	[illegible]	
၅	[illegible]	[illegible]	[illegible]	
၆	[illegible]	[illegible]	[illegible]	
၇	[illegible]	[illegible]	[illegible]	
၈	[illegible]	[illegible]	[illegible]	
၉	[illegible]	[illegible]	[illegible]	
၁၀	[illegible]	[illegible]	[illegible]	
၁၁	[illegible]	[illegible]	[illegible]	
၁၂	[illegible]		[illegible]	
၁၃	[illegible]	[illegible]	[illegible]	
[illegible]	[illegible]	[illegible]	[illegible]	
၁၅	[illegible]	[illegible]	[illegible]	
၁၆	[illegible]	[illegible]	[illegible]	
၁၇	[illegible]	[illegible]	[illegible]	
၁၈	[illegible]	[illegible]	[illegible]	
၁၉	[illegible]	[illegible]	[illegible]	
၂၀	[illegible]	[illegible]	[illegible]	
၂၁	[illegible]	[illegible]	[illegible]	
၂၂	[illegible]	[illegible]	[illegible]	
၂၃	[illegible]	[illegible]	[illegible]	
၂၄	[illegible]	[illegible]	[illegible]	
၂၅	[illegible]	[illegible]	[illegible]	
၂၆	[illegible]	[illegible]	[illegible]	
၂၇	[illegible]	[illegible]	[illegible]	

ကျောက်ပန်းတောင်းမြို့နေပြည်သူများ၏လက်မှတ်များကို ပူးတွဲတင်ပြပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကဒ်အမှတ်	လက်မှတ်	မှတ်ချက်
၁။	ဦးစိုးအောင်	[illegible]	[illegible]	[illegible]
၂။	" [illegible]	၉/ကပတ(နိုင်)118424	[illegible]	
၃။	" [illegible]	၉/ကပတ(နိုင်)126735	[illegible]	
၄။	[illegible]	[illegible]	[illegible]	
၅။	ဦး[illegible]	[illegible]159634	[illegible]	
၆။	" [illegible]	၉/ကပတ(နိုင်)253766	[illegible]	
၇	မောင်သိန်း	၉/ကပတ(နိုင်)147522	[illegible]	
၈	ဦး[illegible]	[illegible]	[illegible]	
၉	ဦး[illegible]	၇/ကပတ(နိုင်)141539	[illegible]	
၁၀	ဦး[illegible]	၇/ကပတ(နိုင်)262226	[illegible]	
၁၁	ဦး[illegible]	၇/ကပတ(နိုင်)132414	[illegible]	
၁၂	ဦး[illegible]	[illegible]	[illegible]	
၁၃	ဦး[illegible]	[illegible]	[illegible]	
၁၄	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၁၅	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၁၆	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၁၇	ဒေါ်[illegible]	၉/ကပတ(နိုင်)	[illegible]	
၁၈	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၁၉	[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၂၀	ဦး[illegible]	[illegible]	[illegible]	
၂၁	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	
၂၂	ဦး[illegible]	[illegible]	[illegible]	
၂၃	ဦး[illegible]	[illegible]	[illegible]	
၂၄	ဦး[illegible]	" 030909	[illegible]	
၂၅	ဦး[illegible]	[illegible]	[illegible]	
၂၆	ဦး[illegible]	[illegible] 114935	[illegible]	
၂၇	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[illegible]	

ကျောက်ပန်းတောင်းမြို့နေပြည်သူများ၏လက်မှတ်များကို ပူးတွဲတင်ပြပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကဒ်အမှတ်	လက်မှတ်	မှတ်ချက်
၁	[illegible]	[illegible]	[signature]	
၂	[illegible]	[illegible]	[signature]	
၃	[illegible]	[illegible]	[signature]	
၄	[illegible]	[illegible]	[signature]	
၅	[illegible]		[signature]	
၆	[illegible]	[illegible]	[signature]	
၇	[illegible]	[illegible]	[signature]	
၈	[illegible]	[illegible]	[signature]	
၉	[illegible]	[illegible]	[signature]	
၁၀	[illegible]	[illegible]	[signature]	
၁၁	[illegible]	[illegible]	[signature]	
၁၂	[illegible]	[illegible]	[signature]	
၁၃	[illegible]	[illegible]	[signature]	
၁၄	[illegible]	[illegible]	[signature]	
၁၅	[illegible]	[illegible]	[signature]	
၁၆	[illegible]	[illegible]	[signature]	
၁၇	[illegible]	[illegible]	[signature]	
၁၈	[illegible]	[illegible]	[signature]	
၁၉	[illegible]	[illegible]	[signature]	
၂၀	[illegible]	[illegible]	[signature]	
၂၁	[illegible]	[illegible]	[signature]	
၂၂	[illegible]	[illegible]	[signature]	
၂၃	[illegible]	[illegible]	[signature]	
၂၄	[illegible]	[illegible]	[signature]	
၂၅	[illegible]	[illegible]	[signature]	
၂၆	[illegible]	[illegible]	[signature]	
၂၇	[illegible]	[illegible]	[signature]	

ကျောက်ပန်းတောင်းမြို့နေပြည်သူများ၏လက်မှတ်များကို ပူးတွဲတင်ပြပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်	လက်မှတ်	မှတ်ချက်
၁	ဦးတင့်လှိုင်	၉/ကပတ(နိုင်)[illegible]	[signature]	
၂	ဦးကျော်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၃	ဒေါ်အေး[illegible]		[signature]	
၄	ဒေါ်ခင်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၅	ဦးသန်း[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၆	ဦးအောင်မိုး[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၇	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၈	ဦးခင်မောင်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၁၀	ဒေါ်ခင်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၁၁	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၁၂	ဦးတင်အောင်	၉/ကပတ(နိုင်)[illegible]	[signature]	
၁၃	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]		
	ဒေါ်[illegible]		[signature]	
၁၄	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
၁၅	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
17	မ[illegible]	၈/ခမန(နိုင်)[illegible]	[signature]	
18.	ဦး[illegible]	၈/ခမန(နိုင်)115281	[signature]	
19.	ဒေါ်[illegible]		[signature]	
20.	မ[illegible]		[signature]	
21	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
22	ဦးအောင်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
23	[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
24	ဦး[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
25	ကို[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
26	[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
27	ဒေါ်[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	
28	[illegible]	၉/ကပတ(နိုင်)[illegible]	[signature]	

ကျောက်ပန်းတောင်းမြို့နေပြည်သူများ၏လက်မှတ်များကို ပူးတွဲတင်ပြပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကဒ်အမှတ်	လက်မှတ်	မှတ်ချက်
၁	ဦးမြေ့လင်းကျော်	၉/ကပတ(နိုင်) [illegible]	[signature]	
၂	မကြည်ကြည်မွေ့	၉/ကပတ(နိုင်) [illegible]	[signature]	
၃	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၄	ဦး[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၅	[illegible]	[illegible]	[signature]	
၆	မသ[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၇	[illegible]	[illegible]	[signature]	
၈	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၉	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၁၀	[illegible]	၉/ကပတ(နိုင်)	[signature]	
၁၁	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၁၂	[illegible]	၉/ကပတ(နိုင်) ၂၀၇၀၆၄	[signature]	
၁၃	[illegible]	[illegible]	[signature]	
၁၄	[illegible]	[illegible]	[signature]	
၁၅	[illegible]	[illegible]	[signature]	
၁၆	[illegible]	[illegible]	[signature]	
၁၇	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၁၈	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၁၉	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၂၀	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၂၁	မယမင်းသွင်	၉/ကပတ(နိုင်) ၂၆၂၂၇၄	[signature]	
၂၂	[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၂၃	မပြည့်ဖူးမိုရ်	၉/ကပတ(နိုင်) ၂၇၇၃၇၄	[signature]	
၂၄	ဒေါ်ခင်မွှာအောင်	၉/ကပတ(နိုင်) [illegible]	[signature]	
၂၅	[illegible]	၉/ကပတ(နိုင်) ၂၈၁၀၈[illegible]	[signature]	
၂၆	ဦး[illegible]	၉/ကပတ(နိုင်) [illegible]	[signature]	
၂၇	ဦး[illegible]	[illegible]	[signature]	

M4-0269
5.4.17

နောက်ဆက်တွဲ(ခ)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC(OSS) /၀၁(၁၀၀/၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Paradiso Cinemas Co.,Ltd.မှ Cinema Construction and Operation of Movies Show (ရုပ်ရှင်ရုံတည်ဆောက်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း) လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ န-၀၃၃/ ၂၀၁၇ (၁၁၈)

၁။ မြန်မာနိုင်ငံ MAZE Co.,Ltd. မှ ၆၀% နှင့် ပြင်သစ်နိုင်ငံမှ Mr. Guy Robert EUGENE မှ ၄၀% ဖြင့် ဖက်စပ်ပြုလုပ်၍ မြန်မာနိုင်ငံတွင် Paradiso Cinemas Co., Ltd. တည်ထောင်ကာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်၊ မြေကွက်အမှတ်- ၃၂၅၊ အကွက်အမှတ်- ၂၀၆၉/ခ၊ ကျောက်ပန်းတောင်း၊ ဦးပိုင်အမှတ်- ၉၁၅/၉၄၇ ရှိ စုစုပေါင်းမြေဧရိယာ ၃.၈၀ ဧက အနက် ၀.၃၄ ဧက (၁၃၇၅.၉၃ စတုရန်းမီတာ)၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ အမှတ်- ၂ ဗိုလ်တေဇ ရပ်ကွက်၊ အကွက်အမှတ်- ၂၈၈/ခ၊ ဦးပိုင်အမှတ်- ၉၁၅/၉၄၇ ရှိ ဧရိယာ ၁.၇၉ ဧက (၇၂၄၃.၈၇ စတုရန်းမီတာ)၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ မြေကွက်အမှတ် -၁၁၈၀၊ ဦးပိုင်အမှတ်- ၇၃/၉၄၇ ရှိ မြေ ဧရိယာ ၁.၀၁ ဧက (၄၀၈၇.၃၃ စတုရန်းမီတာ) တို့ကိုငှားရမ်း၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း (Cinema Construction and Operation of Movies Show) လုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များအား လေ့လာတွေ့ရှိရပါသည် -

(က) ပေးပို့လွှာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာနှစ် (၁၀) ဖြစ်ပြီး၊ သက်တမ်းတိုး (၁၀) နှစ် (၁) ကြိမ်ဆောင်ရွက်မည်ဖြစ်ကာ၊ တည်ဆောက်ရေးကာလမှာ (၁) နှစ်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းရှိ မြေဧရိယာအကျယ်အဝန်း ၀.၃၄ ဧက (စတုရန်းမီတာ ၁၃၇၅.၉၃)၊ မတ္တရာမြို့နယ်ရှိ မြေဧရိယာအကျယ်အဝန်း ၁.၇၉ ဧက (စတုရန်းမီတာ ၇၂၄၃.၈၇)နှင့် ရမည်းသင်းမြို့နယ်ရှိ မြေဧရိယာအကျယ်အဝန်း ၁.၀၁ ဧက (စတုရန်းမီတာ ၄၀၈၇.၃၃) ပေါ်တွင် ထိုင်ခုံ (၃၂၀) ပါရှိသည့် (Single Screen) ရုပ်ရှင်ရုံ (၃) ရုံ တည်ဆောက်၍ အများပြည်သူသို့ ရုပ်ရှင်ပြသဖျော်ဖြေခြင်း လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဂ) လုပ်ငန်းမှ နှစ်စဉ်ရရှိလာမည့် အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရေးအတွက် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည် -

(က) အဆိုပါ Paradiso Cinemas Co., Ltd. မှ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် (၃) ခုတွင် ရုပ်ရှင်ရုံများတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် မြေသားပြုပြင်ဖော်ထုတ်ခြင်းကြောင့် ထွက်ရှိလာမည့် အမှုန်၊ အမွှားများ၊ ဖုန်မှုန့်များကြောင့် လေထုညစ်ညမ်းခြင်း၊

(ခ) လုပ်ငန်းသုံးစက်နှင့်ယာဉ်ယန္တရားများ၏ဆူညံသံကြောင့်အသံညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊

(ဂ) စွန့်ပစ်ပစ္စည်းများဖြစ်သော အမဲဆီ၊ အင်ဂျင်ဝိုင်၊ လောင်စာဆီစသည့် စွန့်ပစ် အဆီ/ အရည်/ အစိုင်အခဲများကြောင့် ပတ်ဝန်းကျင် မြေထု၊ ရေထု ညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ခြင်း၊

(ဃ) အလုပ်သမားများနှင့် ရုပ်ရှင်ကြည့်ပရိသတ်များမှ စွန့်ပစ်ပစ္စည်း အရည်၊ အစိုင်အခဲများ စွန့်ပစ်ခြင်း၊ မိလ္လာ အညစ် အကြေးများကြောင့် ပတ်ဝန်းကျင် ရေထု၊ မြေထု၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Paradiso Cinemas Co.,Ltd. မှ Construction and Operation of Movies Show (ရုပ်ရှင်ရုံတည်ဆောက်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း) လုပ်ငန်းအားတည်ဆောက်၍ ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်သည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်

ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan-EMP) ကို မန္တလေးတိုင်းဒေသကြီးရှိ ရုပ်ရှင်ရုံများတည်ဆောက်မည့် ကျောက်ပန်းတောင်းမြို့နယ်၊ မတ္တရာမြို့နယ်နှင့် ရမည်းသင်းမြို့နယ်များအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းပါအချက်အလက်များနှင့်အညီ သီးခြားစီအစီရင်ခံရေးသားတင်ပြရန်။

(ဂ) စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ အစီရင်ခံစာများရေးသားပြုစုရာတွင် ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့်တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့်ပုံစံများကို ဖြည့်စွက်၍ တစ်ပါတည်းတင်ပြရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သောဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ရုပ်ရှင်မပြသမီ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ထည့်သွင်းပြသနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	Paradiso Cimemas Co., Ltd.	(၁) ဦးတင်မောင်ဝင်း မန်နေးဂျင်းဒါရိုက်တာ မြန်မာ ၁၂/ဘဟန(နိုင်) ၀၃၇၈၄၉	အမှတ်-၃၃၊ ပတ္တမြားလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
		(၂) ဦးမိုးလွင် ဒါရိုက်တာ မြန်မာ ၆/မအရ(နိုင်)၀၇၉၆၅၅	အမှတ်-၆၃၊ အောင်မင်းခေါင်လမ်း၊ ဝင်ဒါမီယာရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
		(၃) ဦးသူရ ဒါရိုက်တာ မြန်မာ ၁၂/ရခန(နိုင်)၀၁၈၁၁၃	အမှတ်-၃၄၊ ၁၆၆ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
		Individual Overseas Investor (1) Mr. Guy Robert EUGENE Director French 15 FV05241	No. 23, Chemindes Fees VERBIER 1936, Switzerland.
		(2) Mr. Pramod Arora Director India Z-2217095	No.11, Paschim Marg, DLF City Phase 1, Gurgaon 122002, Haryana, India.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉- ၅၀၀၄၃၈၅

၂။ ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ - အမှတ်(၂၀)၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး - ဦးတင်မောင်ဝင်း (မန်နေးဂျင်းဒါရိုက်တာ)

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Cinema Construction and Operation of Movies Show)

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၄၁၁ အက်ဖ်စီ/၂၀၁၆-၂၀၁၇ (ရက) (၁၆-၈-၂၀၁၆)

၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - ၁၅-၂-၂၀၁၇

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -